# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာ

(၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်အစီရင်ခံစာ

## (၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ)

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | အခန်း(၁) | ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်များ | ၃ |
| ၂ | အခန်း(၂) | ငွေကြေးမူဝါဒရည်မှန်းချက်နှင့်နည်းဗျူဟာများ နှင့် ငွေကြေးမူဝါဒနည်းလမ်းများ | ၆ |
| ၃ | အခန်း(၃) | မေခရိုစီးပွားရေးနှင့်ငွေရေးကြေးရေးအခြေအနေ (အကျဉ်းချုပ်) | ၁၂ |
| ၄ | အခန်း(၄) | စီးပွားရေး၊ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးအခြေအနေ တင်ပြချက် | ၁၅ |
| | | စီးပွားရေးတိုးတက်မှုအခြေအနေ | ၁၆ |
| | | ငွေကြေးဖောင်းပွမှုအခြေအနေ | ၁၇ |
| | | ဘဏ္ဍာရေးအခြေအနေ | ၁၉ |
| | | ကုန်သွယ်မှုအခြေအနေ | ၁၉ |
| | | နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေ | ၂၁ |
| | | နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေအခြေအနေ | ၂၂ |
| | | နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေ | ၂၂ |
| | | ငွေကြေးပမာဏအခြေအနေ | ၂၅ |
| | | အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ထားရှိဆောင်ရွက်မှု အခြေအနေ | ၂၇ |
| | | အပ်ငွေလေလံဆောင်ရွက်မှုအခြေအနေ | ၂၇ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | | အစိုးရငွေချေးသက်သေခံများထုတ်ဝေရောင်းချမှု အခြေအနေ | ၂၈ |
| | | ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စုဆောင်းငွေနှင့်ချေးငွေအခြေအနေ | ၂၉ |
| ၅ | နောက်ဆက်တွဲဇယားများ | | ၃၁ |
| | ဇယား(၁) | ငွေကြေးဖောင်းပွမှုနှုန်းများ(၂၀၁၇ခုနှစ်မတ်လမှစက်တင်ဘာလထိ) | ၃၂ |
| | ဇယား (၂) | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းအရနှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း(၂၀၁၈ခုနှစ်မတ်လမှစက်တင်ဘာလထိ) | ၃၃ |
| | ဇယား(၃) | တိုင်းဒေသကြီး၊ပြည်နယ်နှင့်မြို့ကြီး(၃)မြို့၏စားသုံးသူ ဈေးဆနှုန်းအရပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် မတ်လမှစက်တင်ဘာလထိ) | ၃၄ |
| | ဇယား (၄) | စုစုပေါင်း ပို့ကုန်နှင့်သွင်းကုန်အခြေအနေပြဇယား (၂၀၁၇-၂၀၁၈နှင့် ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလထိ ) | ၃၅ |
| | ဇယား (၅) | နိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် ဗဟိုဘဏ်၏နိုင်ငံခြားသုံး ငွေဈေးပြိုင်လေလံတွင်ရောင်းဝယ်မှုအခြေအနေပြဇယား (၂၀၁၇ခုနှစ် စက်တင်ဘာလမှ ၂၀၁၈ခုနှစ် စက်တင်ဘာလထိ) | ၃၆ |
| | ဇယား (၆) | ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း နှင့်ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၈ခုနှစ် စက်တင်ဘာလထိ) | ၃၇ |
| | ဇယား(၇) | စုစုပေါင်းငွေကြေးပမာဏနှင့်ယင်းအပေါ်အကျိုးသက်ရောက် စေသည့်အချက်များ (၂၀၁၈ခုနှစ်မတ်လမှစက်တင်ဘာလထိ) | ၃၈ |
| | ဇယား(၈) | အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား (၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလထိ) | ၃၉ |
| | ဇယား(၉) | အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှု အခြေအနေပြဇယား(၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလထိ) | ၄၁ |

# အခန်း(၁)

# ငွေကြေးမှုဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်များ

## ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်များ

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးနှုန်းတည်ငြိမ်မှုရှိသည့် စီးပွားရေးတိုးတက်မှု (Growth with Price Stability) ရရှိစေမည့်အနေတော်ငွေကြေးပမာဏရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိပါသည်။
- ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ ၆လတာကာလအတွက်စီးပွားရေးတိုးတက်မှုနှုန်းလျာထားချက်မှာ ၇.၀ ရာခိုင်နှုန်း ဖြစ်၍သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့၏ နှစ်အလိုက်တိုးတက်မှုနှုန်းရည်မှန်းချက်တို့အား ၁၅ ရာခိုင်နှုန်း နှင့် ၂၃ ရာခိုင်နှုန်း အသီးသီးသတ်မှတ်ခဲ့ပါသည်။
- ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ ၆လတာကာလစီးပွားရေးတိုးတက်မှုနှုန်းမှာ၆.၅ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ စီးပွားရေးတိုးတက်မှုနှုန်း ၆.၈ ရာခိုင်နှုန်းအောက်လျော့နည်းခဲ့ပါသည်။
- ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင်ငွေကြေးဖောင်းပွမှုနှုန်းမှာ နှစ်အလိုက် ၈.၅၉ ရာခိုင်နှုန်းနှင့်ပျမ်းမျှ ၅.၉၄ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော Core CPI အရ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၅.၇၆ ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၇၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။
- ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့၏ တိုးတက်မှုနှုန်းမှာ ၅ ရာခိုင်နှုန်းနှင့် ၁၉ ရာခိုင်နှုန်း အသီးသီး ဖြစ်သဖြင့် ရည်မှန်းချက်ဘောင်အတွင်းရှိခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်တွင် ချေးငွေတိုးတက်မှုနှုန်းမှာ၁၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့်အပ်ငွေလေလံခေါ်ယူခြင်း၊ အနည်းဆုံးသီးသန့်ငွေအချိုးသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ၆လတာကာလအတွင်း အပ်ငွေလေလံစုစုပေါင်း (၁၂)ကြိမ်ခေါ်ယူခဲ့ပြီး၊ တစ်ကြိမ်လျှင်ပျမ်းမျှကျပ် ၃၄၅ ယီလီယံအားစီးပွားရေးစနစ်မှ နုတ်သိမ်းနိုင်ခဲ့ပါသည်။

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်ငွေကြေး မူဝါဒအား ဘဏ္ဍာရေးမူဝါဒ၊ အခြားစီးပွား ရေးမူဝါဒများနှင့်ဟန်ချက်ညီညီချိတ်ဆက် ၍ ငွေကြေးဖောင်းပွမှုနှုန်းအား သင့်တင့် သည့် အနေအထားတွင်ရှိစေရန် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။
- နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်လိုငွေအား ဗဟိုဘဏ်မှ ဖြည့်ဆည်းမှုမှာ မူလခန့်မှန်း ခြေအရလိုငွေ၏ ၂၀ ရာခိုင်နှုန်း လျှာထား သော်လည်း ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင် ဘာလ၆လတာကာလရှေ့ပြေးအမှန်စာရင်း အရ နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်လိုငွေ အားဗဟိုဘဏ်မှ ဖြည့်ဆည်းရခြင်း မရှိခဲ့ပါ။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှအစိုးရ ဘတ်ဂျက် လိုငွေဖြည့်ဆည်းပေးရမှုကို လျှော့ချနိုင် စေရန် အစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင် စနစ်ဖြင့်ရောင်းချမှုအား ၂၀၁၈ ခုနှစ်၊ဧပြီလ မှ စက်တင်ဘာလ ၆ လတာကာလအတွင်း (၁၁)ကြိမ်ပြုလုပ်ခဲ့ပြီး အသားတင်ရောင်းချ မှု ကျပ် ၂၆၇.၆ ဘီလီယံရှိခဲ့ပါသည်။
- ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အတွင်း ငွေလဲလှယ်နှုန်းများ၏ ကွာဟ ချက်မှာ အများအားဖြင့် ၂ ရာခိုင်နှုန်း အတွင်းရှိခဲ့ပြီး နေ့စဉ်ငွေလဲလှယ်နှုန်းများ ၏ ပြောင်းလဲမှုမှာ အများအားဖြင့် ၀.၅ ရာခိုင်နှုန်းအတွင်း ရှိခဲ့ပါသည်။
- ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြား ငွေဈေးပြိုင်လေလံမှတစ်ဆင့် စုစုပေါင်း ရောင်းချမှုအမေရိကန်ဒေါ်လာ ၁၄.၈၇ သန်း၊ စုစုပေါင်း ဝယ်ယူမှု အမေရိကန်ဒေါ်လာ ၃၁.၁၃ သန်းနှင့်အသားတင်ဝယ်ယူမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆.၂၅ သန်း ရှိခဲ့ပါသည်။
- ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်တွင် ဗဟို ဘဏ်ရှိ နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေပမာဏ မှာ သွင်းကုန်၏ ၃.၃လစာရှိပြီး စုစုပေါင်း ငွေကြေးပမာဏ၏ ၁၅ရာခိုင်နှုန်းရှိခဲ့ပါသည်။
- ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်တွင် မြန်မာ ကျပ်ငွေသည် အဓိကကုန်သွယ်ဘက်နိုင်ငံ များငွေကြေးအုပ်စု၏ထိရောက်သောအမည် ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate-NEER)အရ ၁၀ရာခိုင်နှုန်း တန်ဖိုးကျဆင်း ခဲ့ပြီးထိရောက်သော အမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate-REER) အရ ၄ ရာခိုင်နှုန်းတန်ဖိုးကျဆင်းခဲ့သဖြင့် ယခင်ဘဏ္ဍာ နှင့်နှိုင်းယှဉ်ပါက ပို့ကုန်ယှဉ်ပြိုင် နိုင်စွမ်း အနည်းငယ်မြင့်တက်ခဲ့ကြောင်းတွေ့ရှိရပါသည်။

# အခန်း(၂)

# ငွေကြေးမူဝါဒရည်မှန်းချက် နှင့် နည်းဗျူဟာများ

# နှင့်

# ငွေကြေးမူဝါဒနည်းလမ်းများ

## ငွေကြေးမူဝါဒရည်မှန်းချက်နှင့် နည်းဗျူဟာများ

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (၂၀၁၃) အခန်း ၆၊ ပုဒ်မ ၄၀(က)အရ ငွေကြေးမူဝါဒကိုချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ငွေကြေးမူဝါဒရည်မှန်းချက်မှာပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိစေရန်နှင့်ထိန်းသိမ်းရန် ဖြစ်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ငွေကြေးတည်ငြိမ်ရေးရည်မှန်းချက်ရရှိစေရန် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် လွတ်လပ်သော ဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်အဖြစ် အပ်ငွေ/ချေးငွေလေလံခေါ်ယူခြင်း၊ အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ လျှော့နှုန်းနှင့် တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း၊ချေးငွေစီမံခန့်ခွဲခြင်း အပါအဝင် အခြားသင့်လျော်သောနည်းလမ်းများ သတ်မှတ်ခြင်းစသည်တို့ကို အသုံးပြုဆောင်ရွက်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်ဖော်ဆောင်ရာတွင် ငွေကြေးဖောင်းပွမှုနှုန်းအား နှစ်လတ်ကာလအတွင်း ပျမ်းမျှ ၅.၅ ရာခိုင်နှုန်းရှိစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် သီးသန့်ငွေကြေးပမာဏကို ရည်မှန်းချက်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် သင့်တင့်မျှတသောငွေကြေးဖောင်းပွမှုနှုန်းဖြင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှု ရည်မှန်းချက်ကို ရရှိစေနိုင်မည့် အနေတော်ငွေကြေးပမာဏကို ရည်မှန်းချက်အဖြစ်ထားရှိပါသည်။ ၎င်းရည်မှန်းချက်အတိုင်းရရှိစေရန် ငွေကြေးပမာဏအား ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။
- ငွေကြေးပမာဏအား ပြောင်းလဲစေသောအဓိကအချက်များဖြစ်သည့် ပြည်တွင်းလှည့်လည်သုံးစွဲငွေ၊ နိုင်ငံခြားငွေရရန်ပိုင်ခွင့်များ၊ အစိုးရကဏ္ဍသို့ချေးငွေ၊ စီးပွားရေးကဏ္ဍသို့ချေးငွေပြောင်းလဲမှုများအရ ဖြစ်ပေါ်လာမည့် ငွေကြေးပမာဏအားခန့်မှန်းပြီးရည်မှန်းချက်နှင့်ချိန်ထိုးကာ စီးပွားရေးစနစ်သို့ ငွေကြေးထည့်သွင်းရန်လိုပါက ချေးငွေလေလံခေါ်ယူခြင်းနှင့် စီးပွားရေးစနစ်မှ ပိုလျှံငွေကြေးများအား နှုတ်သိမ်းရန်လိုပါက အပ်ငွေလေလံခေါ်ယူခြင်းဖြင့် အကောင်အထည်ဖော်ထိန်းကျောင်းပေးပါသည်။

- (၁၁-၇-၂၀၁၃) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊အခန်း၆၊ ပုဒ်မ၄၀(ခ)နှင့်(ဃ)တို့အရမြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်း ဆိုင်ရာမူဝါဒကို ချမှတ်အကောင်အထည် ဖော်ခြင်းနှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးသီး သန့်ငွေကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း များ ဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်နိုင်ငံခြား သုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျ မြင့်မားမှုမရှိစေရန်နှင့်ငွေလဲလှယ်နှုန်းများ ကွာဟချက် လျော့နည်းစေရန်တို့အတွက် နေ့စဉ်နိုင်ငံခြားသုံးငွေ ဈေးပြိုင်လေလံမှ တစ်ဆင့် ဈေးကွက်အား ထိန်းကျောင်း ဆောင်ရွက်ပေးပါသည်။
- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် အဓိက မောင်းနှင်အားဖြစ်သော ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒတို့နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ညှိနှိုင်းပူးပေါင်း၍ မူဝါဒများ ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေး မူဝါဒချမှတ်အကောင်အထည်ဖော်မှု အဆင့်ဆင့်အားလုပ်ငန်းစဉ်ပြပုံဖြင့်ဖော်ပြ အပ်ပါသည်။

# ငွေကြေးမူဝါဒချမှတ်အကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းစဉ်ပြပုံ

**မေခရိုစီးပွားရေးအချက်အလက်များ**

- ◆ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု
- ◆ ငွေကြေးဖောင်းပွမှု
- ◆ စုစုပေါင်းငွေကြေးပမာဏတိုးတက်မှု
- ◆ စီးပွားရေးစနစ်ရှိငွေကြေးအခြေအနေ
- ◆ နိုင်ငံခြားသုံးသီးသန့်ငွေအခြေအနေ
- ◆ ငွေလဲလှယ်နှုန်းအခြေအနေ

**မူဝါဒဆုံးဖြတ်ချက်**

◆ မေခရိုစီးပွားရေးနှင့်ဈေးကွက်အချက်အလက်များအရဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်

➡

**မူဝါဒနည်းလမ်းများ**

- ◆ အတိုးနှုန်းမူဝါဒ
- ◆ လျှော့နှုန်းနှင့်တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း
- ◆ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း
- ◆ လွတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များ

➡

**လုပ်ငန်းဆိုင်ရာရည်မှန်းချက်**

◆ သီးသန့်ငွေကြေးပမာဏ

➡

**ကြားခံရည်မှန်းချက်**

◆ စုစုပေါင်းငွေကြေးပမာဏ

➡

**ဦးတည်ချက်**

◆ ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေးနှင့် ထိန်းသိမ်းရေး



## ငွေကြေးမူဝါဒနည်းလမ်းများ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ငွေကြေးမူဝါဒနည်းလမ်းများမှာ အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း၊အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်းနှင့်လွတ်လပ်သောဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်များဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

## အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အတိုးနှုန်းမူဝါဒချမှတ်ရာတွင် ငွေကြေးဖောင်းပွမှုနှုန်းအလားအလာအရ နိုင်ငံတော်၏ စီးပွားရေးကိုအထောက်အကူဖြစ်စေရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကို အားပေးနိုင်စေရန်နှင့် စုဆောင်းသူများအား ဆွဲဆောင်နိုင်သည့် အတိုးနှုန်းဖြစ်စေရန်အတွက် ချိန်ဆသတ်မှတ်ပေးပါသည်။ ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလ ၆ လတာကာလတွင် ဗဟိုဘဏ်လျှော့နှုန်းမှာ ၁၀ ရာခိုင်နှုန်းဖြစ်ပြီး ၎င်းအပေါ်မူတည်၍ အပ်ငွေပေါ်တွင် ပေးရမည့် အနိမ့်ဆုံးအတိုးနှုန်းမှာ ၈ ရာခိုင်နှုန်းနှင့်ချေးငွေများ၊ စာရင်းပိုထုတ်ချေးငွေများပေါ်တွင်တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းမှာ ၁၃ရာခိုင်နှုန်းဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်လျှော့နှုန်းနှင့်ဘဏ်နှင့်ဆက်သွယ်သူများအတွက် အတိုးနှုန်းများ သတ်မှတ်ပေးလျက်ရှိသော်လည်းအပ်ငွေလေလံအတိုးနှုန်း၊အစိုးရငွေချေးသက်သေခံများ ဈေးပြိုင်စနစ်အတိုးနှုန်း၊ နိုင်ငံခြားငွေကြေးဖြင့်ထားရှိသည့် အပ်နှံငွေအပေါ်အတိုးနှုန်းနှင့် ဘဏ်အချင်းချင်းဈေးကွက်အတိုးနှုန်းတို့အား ဖြေလျှော့မှုများခွင့်ပြုခဲ့ပါသည်။၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလ ၆လတာကာလအတွင်းလေလံဈေးကွက်များ၏ အတိုးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ၂၀၁၈ခုနှစ်၆လတာကာလ၏အတိုးနှုန်းများ(%) | | |
|---|---|---|
| ဗဟိုဘဏ်အတိုးနှုန်း | | ၁၀ |
| **အပ်ငွေအပေါ်အတိုးနှုန်း** | | |
| ငွေစုဘဏ်အတိုးနှုန်း | | ၈-၁၀ |
| စာရင်းသေအပ်ငွေ အတိုးနှုန်း | (၃)လ | ၈-၁၀ |
| | (၆)လ | ၈-၁၀ |
| | (၉)လ | ၈-၁၀ |
| ငွေစုလက်မှတ် | ၁၂လ | ၉ |
| အပ်ငွေလေလံ (ပျမ်းမျှအတိုးနှုန်း) | ၁၄ ရက် | ၄.၆၇ |
| | ၂၈ ရက် | ၅.၉၄ |
| | ၄၂ ရက် | ၄.၈၉ |
| ငွေတိုက်လက်မှတ်လေလံ (ပျမ်းမျှလျှော့နှုန်း) | (၃)လ | ၅.၆ |
| | (၆)လ | ၆.၀၉ |
| | (၁၂)လ | ၇.၃၆ |
| ငွေတိုက်စာချုပ်လေလံ (ပျမ်းမျှအတိုးနှုန်း) | ၂-၃ နှစ် | ၉.၂၃ |
| | ၃-၄ နှစ် | ၉.၁၇ |
| | ၄-၅ နှစ် | ၈.၉၃ |
| **ချေးငွေပေါ်အတိုးနှုန်း** | | |
| စီးပွားရေးလုပ်ငန်းချေးငွေ | | ၁၃ |
| စိုက်ပျိုးရေးအထူးချေးငွေ | | ၈ |
| အသေးစားချေးငွေ | | ၃၀ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း**

သီးသန့်ငွေအချိုး တိုးမြှင့်သတ်မှတ်ခြင်းဖြင့်ဘဏ်များကထုတ်ချေးနိုင်သည့်ချေးငွေပမာဏလျော့နည်းစေနိုင်ပြီး၊ ထိုမှတစ်ဆင့် စီးပွားရေးစနစ်ရှိငွေကြေးပမာဏကိုလျော့နည်းစေနိုင်မည်ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ယင်းအချိုးကို လျှော့ချသတ်မှတ်ခြင်းဖြင့် ဘဏ်များက ထုတ်ချေးနိုင်သည့် ချေးငွေပမာဏကိုတိုးမြှင့်စေပြီး၊ စီးပွားရေးစနစ်ရှိ ငွေကြေးပမာဏကို တိုးမြှင့်စေပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အဖြစ် အများပြည်သူအပ်နှံငွေစုစုပေါင်း၏ ၅ ရာခိုင်နှုန်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ စာရင်းရှင်အပ်နှံငွေတစ်မျိုးတည်းဖြင့်သာထားရှိရန် သတ်မှတ်ခဲ့ပြီး၊ အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်လျော့နည်းခြင်းအတွက်ဒဏ်ကြေးသတ်မှတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်ကို ၂၀၁၆ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ညွှန်ကြားချက်တွင် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်လိုက်နာမှုမရှိသည့်ဘဏ်သည် ပထမအကြိမ် ပျက်ကွက်မှုအတွက် အမြင့်ဆုံးပေးဆောင်ရမည့် ဒဏ်ကြေး၏ ၆၀%၊ ဒုတိယအကြိမ်အတွက် ၈၀% နှင့် တတိယအကြိမ်နှင့်အထက်အတွက် ၁၀၀% ထိပေးဆောင်ရမည်ဖြစ်ပါသည်။

**လွှတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်နိုင်ငံ၏ ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှုအခြေအနေအရ စီးပွားရေးစနစ်မှ ငွေကြေးပြန်လည်ထုတ်နုတ်နိုင်ရန် အပ်ငွေလေလံခေါ်ယူခြင်းကိုဆောင်ရွက်ပြီး စီးပွားရေးစနစ်သို့ ငွေကြေးထပ်မံထည့်သွင်းနိုင်ရန် ချေးငွေလေလံခေါ်ယူခြင်းအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလ ၆လ တကာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်မှ ပိုလျှံငွေကြေးများကို ထုတ်နုတ်ရန် အပ်ငွေလေလံခေါ်ယူဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် သည် ငွေကြေးဈေးကွက်ဖွံ့ဖြိုးလာသည် နှင့်အမျှ အပ်ငွေ/ချေးငွေ ဈေးပြိုင်ခေါ်ယူခြင်းနည်းလမ်းများအပြင် အခြားသွယ်ဝိုက်ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အစိုးရငွေချေးသက်သေခံလက်မှတ်များအားဈေးကွက်တွင် ရောင်း/ဝယ်ခြင်း (Outright Sale/ Purchase)၊ အစိုးရငွေချေးသက်သေခံလက်မှတ်များအသုံးပြု၍ငွေကြေးဈေးကွက်၌ ကာလတိုငွေချေးငှားမှုလုပ်ဆောင်ချက် (Repo Operation) နှင့် ဗဟိုဘဏ်မှ ငွေချေးသက်သေခံလက်မှတ် ထုတ်ဝေခြင်းတို့ကိုဆောင်ရွက်ရန် အစီအစဉ်ရှိပါသည်။

# အခန်း(၃)

# မေခရိုစီးပွားရေးနှင့်ငွေရေးကြေးရေးအခြေအနေ (အကျဉ်းချုပ်)

**မေခရိုစီးပွားရေးနှင့် ငွေရေးကြေးရေး အခြေအနေ (အကျဉ်းချုပ်)**

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ဖြလတာကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆.၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ထုတ်လုပ်မှု အနည်းငယ်ကျဆင်းခဲ့ခြင်း၊ ပြည်ပခရီးသွားလုပ်ငန်း အားနည်းခြင်းကြောင့် ဝန်ဆောင်မှုကဏ္ဍတွင် တိုးတက်မှုနှေးကွေးခြင်းစသည်တို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလ-မတ်လ) နှင့်နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်း လျော့နည်းခဲ့သော်လည်း ယခင်နှစ်အလားတူကာလ နှင့်နှိုင်းယှဉ်ပါက စီးပွားရေးတိုးတက်မှုနှုန်းမှာသိသာစွာပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ဖြလတာကာလ၏ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ စုစုပေါင်းအစိုးရ ရငွေမှာဂျီဒီပီ၏ ၃၁ရာခိုင်နှုန်းနှင့်စုစုပေါင်းအစိုးရအသုံးစရိတ်မှာဂျီဒီပီ၏ ၃၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။၂၀၁၈ ခုနှစ်၊ ဧပြီလ မှစက်တင်ဘာလ ဖြလတာကာလ၏ ဘတ်ဂျက်လိုငွေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းခဲ့ပြီး လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၁.၂၂ ရာခိုင်နှုန်းခန့်ရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ (ဖြ)လတာကာလအတွင်း မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းအခြေအနေမှာ ပို့ကုန်ထက် သွင်းကုန်ပမာဏများပြားခြင်းကြောင့် သာမန်စာရင်းပိုင်းတွင် လိုငွေဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ အထိုက်အလျောက် ဖြည့်တင်းပေးနိုင်ခဲ့သဖြင့် သာမန်စာရင်းလိုငွေမှာ ယခင်နှစ်အလားတူကာလအောက် အနည်းငယ်လျော့နည်းခဲ့ပါသည်။ သို့သော် နိုင်ငံခြားငွေပေးငွေယူစာရင်းတွင် စုစုပေါင်းလိုငွေဖြစ်ပေါ်မှုမှာ ယခင်နှစ်အလားတူကာလထက် အနည်းငယ်မြင့်မားခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ဖြလတာကာလအတွင်း ဗဟိုဘဏ်မှ အစိုးရလိုငွေဖြည့်ဆည်းမှုမရှိခဲ့သော်လည်း ရေကြီးရေလျှံခြင်းနှင့်သဘာဝဘေးအန္တရာယ်များကြောင့် လယ်ယာထုတ်ကုန်များလျော့နည်းခြင်း၊ စားသုံးကုန်စည်ဈေးနှုန်းများ မြင့်မားခဲ့ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်ခြင်းကြောင့် ကျပ်ငွေတန်ဖိုးကျဆင်းခဲ့ခြင်းတို့ကြောင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းနှင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းတို့မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထက် မြင့်မားခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ဖြလတာကာလအတွင်းသီးသန့်ငွေကြေးပမာဏနှင့်စုစုပေါင်းငွေကြေးပမာဏတိုးတက်မှုနှုန်း

(နှစ်အလိုက်)တို့အား ၁၅ ရာခိုင်နှုန်းနှင့် ၂၃ ရာခိုင်နှုန်းအသီးသီး ရည်မှန်းချက် သတ်မှတ်ထားရှိခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန် အမှန်စာရင်းအရ သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်းသည် ၅ ရာခိုင်နှုန်းသာရှိပြီး ရည်မှန်းချက်အောက်များစွာ လျော့နည်းခဲ့သော်လည်း စုစုပေါင်း ငွေကြေးပမာဏတိုးတက်မှုနှုန်းမှာ ၁၉ ရာခိုင်နှုန်းဖြစ်သဖြင့် ဗဟိုဘဏ်မှ ရည်မှန်းထားရှိသော ကြားခံရည်မှန်းချက် (Intermediate Target) ဖြစ်သည့် စုစုပေါင်းငွေကြေးပမာဏ ရည်မှန်းချက်ဘောင်အတွင်း ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလမှစတင်၍ သီးသန့်ငွေကြေးပမာဏ ရည်မှန်းချက်ပြည့်မီစေရန်အတွက်ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များဖြစ်သည့် အပ်ငွေလေလံ(သို့မဟုတ်) ချေးငွေလေလံခေါ်ယူခြင်းများဆောင်ရွက်၍ငွေကြေးပမာဏအား ထိန်းညှိပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အတိုးနှုန်း၊ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်းနှင့်လွတ်လပ်သော ဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များ စသည့်ငွေကြေးမူဝါဒနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အစိုးရလိုငွေအတွက် ဗဟိုဘဏ်မှ ဖြည့်ဆည်းပေးရမှုကို လျှော့ချနိုင်ရန် အစိုးရငွေတိုက်လက်မှတ်များနှင့် ငွေတိုက်စာချုပ်များအားလေလံစနစ်ဖြင့်ရောင်းချခြင်းကိုစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ကိုယ်စားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ထိန်းကျောင်းမှုရှိသည့်နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်စတင်ကျင့်သုံးချိန်မှစ၍ ဈေးကွက်၏နိုင်ငံခြားသုံးငွေလိုအပ်ချက်အားဖြည့်ဆည်းပေးရန်နှင့်နိုင်ငံခြားငွေလဲလှယ်နှုန်းများအတက်အကျလွန်စွာမြင့်မားခြင်းမရှိစေရန်တို့အတွက် နိုင်ငံခြားငွေဈေးကွက်တွင် လိုအပ်သလိုဝင်ရောက်ထိန်းကျောင်းပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒနှင့် လိုက်လျောညီထွေရှိမည့်နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒအား ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းအား ထိန်းသိမ်းရန်အတွက် ဈေးကွက်ရှိစုစုပေါင်းငွေကြေးပမာဏအား ရည်မှန်းချက်ဘောင်အတွင်း ထိန်းသိမ်းခြင်းဖြင့် မိမိ၏ငွေကြေးမူဝါဒအားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

# အခန်း(၄)

# စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခြေအနေ တင်ပြချက်

## စီးပွားရေးတိုးတက်မှုအခြေအနေ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရေ့ပြေးအမှန်ကိန်းဂဏန်းများအရ ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ ၆လတာကာလ အတွင်း စီးပွားရေးတိုးတက်မှုအခြေအနေ အားတင်ပြထားခြင်းဖြစ်ပါသည်။ ဝန်ဆောင်မှုကဏ္ဍတိုးတက်မှု နှေးကွေးသွားသော်လည်း အသေးစားနှင့်အလတ်စားထုတ်လုပ်မှုလုပ်ငန်းငယ်များထုတ်လုပ်မှုတိုးတက်လာခြင်း၊ ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ခဲ့ခြင်း စသည်တို့ကြောင့် ၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလ ၆ လတာကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆.၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ စီးပွားရေးတိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းခဲ့သော်လည်း ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက စီးပွားရေးနှုန်းမှာ သိသာစွာပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့်အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့

အာဆီယံနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား၊ဗီယက်နမ်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလထိ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာအဆိုပါနိုင်ငံများနီးပါးရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ (ပုံ-၁)

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလထိ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍ ၂၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ ၃၅ ရာခိုင်နှုန်း နှင့် ဝန်ဆောင်မှုကဏ္ဍ ၄၅ ရာခိုင်နှုန်း အသီးသီး ပါဝင်ပါသည်။ (ပုံ-၂)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ၆လတာကာလစုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းထောင်ပေါင်း၂၃,၀၅၁ ရှိပြီး၂၀၁၈ခုနှစ်

စက်တင်ဘာလကုန်ရှိ တစ်နှစ်ပျမ်းမျှတစ်ဦး ကျထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ်ထောင်ပေါင်း ၁,၇၇၃ ဖြစ်ပါသည်။(ပုံ-၃)

ပုံ(၃)တစ်ဦးကျထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး




* (ဧပြီလ ~ မတ်လ) ဘဏ္ဍာရေးနှစ်

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ငွေကြေးဖောင်းပွမှုအခြေအနေ

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ဖလတာကာလအတွင်းရေကြီးရေလျှံသဘာဝ ဘေးအန္တရာယ်များကြောင့်ကုန်စည်စီးဆင်းမှု ခက်ခဲပြီး ဈေးနှုန်းများ မြင့်တက်လာခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တဖြေးဖြေးမြင့်တက်လာပြီး၊ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခဲ့ခြင်းတို့ကြောင့် ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်ရှိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းနှင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းများမှာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလကုန်ထက် မြင့်တက်ခဲ့ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအားအခြေခံနှစ်အဖြစ်တွက်ချက်ထားသည့် စားသုံးသူဈေးဆနှုန်းများနှင့် ငွေကြေးဖောင်းပွမှုနှုန်းများအရ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင်ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၅.၉၄ ရာခိုင်နှုန်းနှင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၈.၅၉ ရာခိုင်နှုန်း ဖြစ်ပါသည်။အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများမပါဝင်ဘဲ တွက်ချက်ထားသော Core CPI အရ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၅.၇၆ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၇၄ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ သို့ဖြစ်၍ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ငွေကြေးဖောင်းပွမှုနှုန်းများ မြင့်တက်ခဲ့ပါသည်။ ဇယား(၁) (ပုံ-၄)

ပုံ(၄)ငွေကြေးဖောင်းပွမှုနှုန်း




ဇာစ်မြစ် ။ ဗဟိုစာရင်းအင်းအဖွဲ့

တစ်နိုင်ငံလုံး၏ အုပ်စုအလိုက် စားသုံးသူဈေးဆန္ဒကိန်းနှင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းအပေါ်လေ့လာမှုအရ အစားအစာအုပ်စုအတွက် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင် ၈.၅၅ ရာခိုင်နှုန်းရှိပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ၂.၅၂ ရာခိုင်နှုန်းရှိခဲ့သဖြင့် အစားအစာအုပ်စု၏ ဈေးနှုန်းများစွာ မြင့်တက်ခဲ့ကြောင်းတွေ့ရပါသည်။ ဇယား(၂)

အစားအစာမဟုတ်သော အုပ်စု၏ ဈေးဆန္ဒနှုန်းမှာ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းအရ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၆၉ ရာခိုင်နှုန်းရှိပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ၄.၉၈ ရာခိုင်နှုန်းရှိခဲ့သဖြင့် အစားအစာမဟုတ်သောအုပ်စု၏ ဈေးနှုန်းများလည်း မြင့်မားခဲ့ပါသည်။ (ပုံ-၅)

ပုံ(၅) နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၈ခုနှစ်၊စက်တင်ဘာလတွင်အဓိက အုပ်စုများ၏ ငွေကြေးဖောင်းပွမှုနှုန်းများမှာ ဆေးလိပ်နှင့်အဖျော်ယမကာ ၇.၁၅ ရာခိုင်နှုန်း၊ အဝတ်အထည် ၃.၅၄ ရာခိုင်နှုန်း၊ အိမ်လခနှင့်အိမ်ပြင်ခ ၉.၀၃ ရာခိုင်နှုန်း၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် ၄.၄၉ရာခိုင်နှုန်း၊ကျန်းမာရေး ၆.၀၆ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေး ၁၅.၆၈ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး -၀.၆၂ ရာခိုင်နှုန်း ၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှု ၂.၆၀ ရာခိုင်နှုန်း၊ ပညာရေး ၈.၆၉ ရာခိုင်နှုန်း၊ ပြင်ပအစားအသောက် ၈.၅၆ ရာခိုင်နှုန်းနှင့် အထွေထွေကုန်ပစ္စည်း ၆.၂၈ ရာခိုင်နှုန်းရှိသဖြင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်လျှင် ဆက်သွယ်ရေးကဏ္ဍမှလွဲ၍ အခြားကုန်စည်အုပ်စုများ၏ ဈေးနှုန်းများမှာ မြင့်တက်ခဲ့ပါသည်။ ဇယား(၂)

ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့ကြီး ၃ မြို့၏ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်ရှိပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာမန္တလေးမြို့သည် ၁၀.၈၂ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံး၊ ရခိုင်ပြည်နယ်သည် ၁၀.၂၈ ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံးနှင့် မကွေးတိုင်းဒေသကြီးသည် ၇.၄၉ရာခိုင်နှုန်းဖြင့် တတိယအမြင့်ဆုံးအသီးသီးရှိခဲ့ပါသည်။ ဇယား(၃)




ဇာစ်မြစ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့

မြန်မာနိုင်ငံ၏ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင် ၅.၉၄ ရာခိုင်နှုန်းရှိပြီး အခြားအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖိလစ်ပိုင်ထက်လျော့နည်း၍ ကျန်နိုင်ငံများထက် မြင့်မားကြောင်း တွေ့ရပါသည်။(ပုံ-၆)

ငွေကြေးဖောင်းပွမှုအားသင့်တင့်မျှတသည့်အနေအထားတွင်ရှိစေရန်အတွက်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ဘဏ္ဍာရေးမူဝါဒနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ကုန်သွယ်ရေးမူဝါဒတို့နှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

## ဘဏ္ဍာရေးအခြေအနေ

ပြည်ထောင်စု၏ အရအသုံး ရှေ့ပြေးအမှန်ခန့်မှန်းခြေငွေစာရင်းအရ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ ၆ လတာကာလအတွက်ရငွေနှင့်ဂျီဒီပီအချိုးမှာ၃၁ ရာခိုင်နှုန်း၊ သုံးငွေနှင့်ဂျီဒီပီအချိုးမှာ ၃၂ ရာခိုင်နှုန်းနှင့် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၁.၂၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ (ပုံ-၇)

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ၆လတာကာလတွင် အစိုးရလိုငွေဖြည့်ဆည်းရန် အတွက်အစိုးရငွေတိုက်စာချုပ် ကျပ်သန်းထောင်ပေါင်း၁,၄၈၇နှင့်အစိုးရငွေတိုက်လက်မှတ်ကျပ်သန်းထောင်ပေါင်း၂၆၇ အသားတင်ရောင်းချခဲ့ရပါသည်။




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## ကုန်သွယ်မှုအခြေအနေ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ကိန်းဂဏန်းများအရ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ၆လတာကာလတွင် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁,၀၃၈ သန်း

ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ၆လတာကာလကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ၁,၈၆၁သန်း နှင့်နှိုင်းယှဉ်ပါက လိုငွေဖြစ်ပေါ်မှု အမေရိကန်ဒေါ်လာ ၈၂၃ သန်း လျော့နည်းခဲ့ပါသည်။

စုစုပေါင်းပို့ကုန်တန်ဖိုးမှာ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ ၆ လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၈,၈၂၁ သန်း ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၇,၂၃၆ သန်း ဖြစ်၍ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁,၅၈၅ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ၆ လတာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် ကဏ္ဍအလိုက်ပါဝင်မှုမှာ သား၊ ငါးပို့ကုန် ၅ ရာခိုင်နှုန်း၊သစ်တောထွက်ကုန် ၁ ရာခိုင်နှုန်း၊ လယ်ယာထွက်ကုန်ပစ္စည်း ၁၅ ရာခိုင်နှုန်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း ၁၂ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း ၄၆ ရာခိုင်နှုန်းနှင့် အခြားထုတ်ကုန် ၂၁ ရာခိုင်နှုန်းအသီးသီး ဖြစ်ပါသည်။ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက သား၊ ငါးပို့ကုန် ၆၂ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း ၅၈ ရာခိုင်နှုန်းနှင့် ကုန်ထုတ်လုပ်မှု ၂၆ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါသည်။

ပုံ(၈) ပို့ကုန်သွင်းကုန်အခြေအနေ




ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ၆လတာကာလအတွင်း စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉,၈၅၉ သန်း ဖြစ်ပြီး၊ ယခင်နှစ်အလားတူကာလ၏ စုစုပေါင်း သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉,၀၉၇ သန်းနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၇၆၂ သန်း ပိုမိုတင်သွင်းခဲ့ပါသည်။ (ပုံ-၈)

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ၆လတာကာလအတွင်း ပို့ကုန်တင်ပို့မှုထက် သွင်းကုန်တင်သွင်းမှုက ပို၍များသောကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့သော်လည်း ယခင်နှစ်အလားတူကာလကုန်သွယ်မှုလိုငွေအောက် အနည်းငယ်လျော့နည်းခဲ့ပါသည်။ သွင်းကုန်အခြေအနေအားစိစစ်ရာ နိုင်ငံ၏ စီးပွားရေး

ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် ရင်းနှီးကုန်စည်များ (Capital Goods) နှင့် ကြားခံကုန်စည်များ(Intermediate Goods) ကို တင်သွင်းမှုများပြားခဲ့ပြီး၊စုစုပေါင်း သွင်းကုန်၏ ၃၃ရာခိုင်နှုန်းနှင့် ၄၁ ရာခိုင်နှုန်းအသီးသီးရှိပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ၆ လတာကာလနှင့် နှိုင်းယှဉ်ပါက ရင်းနှီးကုန်စည်တင်သွင်းမှု ၄ ရာခိုင်နှုန်းလျော့နည်းခဲ့သော်လည်း၊ကြားခံကုန်စည်များတင်သွင်းမှုမှာ၂၆ရာခိုင်နှုန်းနှင့်စားသုံးကုန်စည်တင်သွင်းမှုမှာ ၂ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါသည်။ ဇယား(၄)

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ၆လတာကာလအတွင်း မြန်မာနိုင်ငံမှ အများဆုံးပို့ကုန်တင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ ထိုင်းနှင့်ဂျပန်နိုင်ငံတို့ဖြစ်ပြီး၊အများဆုံးသွင်းကုန်တင်သွင်းသည့် နိုင်ငံများမှာ တရုတ်၊ စင်ကာပူ၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် စုစုပေါင်းကုန်သွယ်မှုအများဆုံးနိုင်ငံများမှာ တရုတ်၊ ထိုင်း နှင့် စင်ကာပူနိုင်ငံတို့ဖြစ်ပါ သည်။ (ပုံ-၉)




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေ**

နိုင်ငံခြား ငွေပေးငွေယူစာရင်းအရ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်တွင်ကုန်သွယ်မှုအတွက် အသားတင်စီးထွက်ငွေ အမေရိကန်ဒေါ်လာ ၂,၄၄၈ သန်း၊ ဝန်ဆောင်မှုအတွက် အသားတင်စီးဝင်ငွေ အမေရိကန်ဒေါ်လာ ၆၁၈ သန်းနှင့် အသားတင်ရငွေ အမေရိကန်ဒေါ်လာ ၅၂၁ သန်းရှိပါသည်။

သို့ဖြစ်၍၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလအတွက် သာမန်စာရင်းတွင် လိုငွေ အမေရိကန်ဒေါ်လာ၁,၃၀၉ သန်း ပေါ်ပေါက်ခဲ့ပါသည်။ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း အသားတင်ဝန်ဆောင်မှုတွင်ပိုငွေများပေါ်ပေါက်ပြီး အသားတင်ဝင်ငွေများစီးဝင်မှုများရှိခဲ့သော်လည်း ကုန်သွယ်မှုလိုငွေ

ဖြစ်ပေါ်ဆဲဖြစ်သဖြင့် သာမန်စာရင်းတွင် လိုငွေဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်ရှိ နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေမှာ သာမန်စာရင်းတွင် လိုငွေဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ အထိုက်အလျောက်ဖြည့်တင်းပေးနိုင်ခဲ့ခြင်းကြောင့် သာမန်စာရင်းလိုငွေမှာ ယခင်နှစ်ကအောက် လျော့နည်းခဲ့ပါသည်။ သို့သော် စုစုပေါင်းလိုငွေမှာ ယခင်နှစ်ထက် အနည်းငယ်မြင့်မားခဲ့ပြီး စုစုပေါင်းလိုငွေအမေရိကန်ဒေါ်လာ ၂၇ သန်း ပေါ်ပေါက်ခဲ့ပါသည်။

**နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေအခြေအနေ**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် စုစုပေါင်း နိုင်ငံခြားသုံးသီးသန့်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၉.၀၄ ဘီလီယံရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ နိုင်ငံပိုင်နိုင်ငံခြားသုံးသီးသန့်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၅.၄၆ ဘီလီယံ ရှိပါသည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလကုန်တွင် စုစုပေါင်း နိုင်ငံခြားသုံးသီးသန့်ငွေမှာ သွင်းကုန်၏ ၅.၉၆ လစာပမာဏနှင့် နိုင်ငံပိုင်နိုင်ငံခြားသုံးသီးသန့်ငွေမှာသွင်းကုန်၏ ၃.၅၄ လစာပမာဏရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် စုစုပေါင်း နိုင်ငံခြားသုံးသီးသန့်ငွေမှာ သွင်းကုန်၏ ၅.၆ လစာပမာဏနှင့် ဗဟိုဘဏ်ရှိ နိုင်ငံခြားသုံးသီးသန့်ငွေမှာ သွင်းကုန်၏ ၃.၃ လစာပမာဏရှိပါသည်။

**နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်တွင် နိုင်ငံခြားသုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျ မြင့်မားခြင်းအား ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံမှတဆင့်ပုဂ္ဂလိကဘဏ်များသို့ အမေရိကန်ဒေါ်လာ ရောင်းဝယ်ပေးခြင်းဖြင့် ဈေးကွက်အားလိုအပ်သလို ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။ ဇယား(၅)

၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာ နှင့်မြန်မာကျပ်ငွေ၏ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းမှာ အနိမ့်ဆုံး ၁,၃၂၆ ကျပ် နှင့် အမြင့်ဆုံး ၁,၅၉၇ ကျပ်ရှိခဲ့ပြီး၊ ပျမ်းမျှငွေလဲလှယ်နှုန်းမှာ ၁,၄၁၃ ကျပ်ရှိခဲ့ပါသည်။ ရည်ညွှန်းငွေလဲလှယ်နှုန်းအရ ၂၀၁၈ ခုနှစ်၊ ဧပြီလဆန်းတွင် ၁,၃၃၂ ကျပ်ရှိရာ မှ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင် ၁,၅၆၀ကျပ်ဖြစ်သဖြင့် (၆)လတာကာလအတွင်း မြန်မာကျပ်ငွေတန်ဖိုးမှာ ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ၏ ရည်ညွှန်းငွေလဲလှယ်နှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဧပြီလဆန်းမှ ၂၀၁၈ခုနှစ် ဇွန်လကုန်ထိ ပျမ်းမျှခြင်းအားဖြင့် ၁,၃၄၈ကျပ်ဖြင့် တည်ငြိမ်စွာရှိခဲ့ပါသည်။ ထို့နောက် ၂၀၁၈ ခုနှစ်ဇူလိုင်လလယ်မှစ၍မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်ထိ(၃)လတာကာလအတွင်း မြန်မာကျပ်ငွေတန်ဖိုး ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ အဆိုပါ ကာလအတွင်း ငွေလဲလှယ်နှုန်းမှာ ပျမ်းမျှခြင်းအားဖြင့် ၁,၄၉၁ ကျပ် ရှိခဲ့ပြီး အမြင့်ဆုံး ၁,၅၉၇ ကျပ်ထိ မြင့်တက်ခဲ့ပါသည်။ (ပုံ-၁၀)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင်လေလံမှတစ်ဆင့်ဘဏ်များသို့ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၄.၈၇ သန်းရောင်းချခဲ့ပြီးစုစုပေါင်းအမေရိကန်ဒေါ်လာ၃၁.၁၃သန်းဝယ်ယူခဲ့သဖြင့်အသားတင်ဝယ်ယူမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆.၂၆ သန်းရှိခဲ့ပါသည်။

၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း နိုင်ငံခြားငွေလေလံနှင့် ဘဏ်အချင်းချင်းနိုင်ငံခြားငွေဈေးကွက်တို့၌ဘဏ်များ၏ စုစုပေါင်းဝယ်ယူမှု အမေရိကန်ဒေါ်လာ ၃,၀၆၄သန်းနှင့် စုစုပေါင်း ရောင်းချမှု အမေရိကန်ဒေါ်လာ ၄,၀၂၅ သန်းရှိခဲ့ပါသည်။ (ပုံ-၁၁)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ဈေးကွက် နိုင်ငံခြားငွေလဲလှယ်နှုန်းတို့၏ ကွာဟချက်မှာဩဂုတ်လနှင့် စက်တင်ဘာလများအတွင်းနေ့ရက်အချို့တွင် အမြင့်ဆုံး ၂ ရာခိုင်နှုန်းကျော် ရှိခဲ့သော်လည်း အများအားဖြင့် ၁ ရာခိုင်နှုန်းအတွင်းသာ ကွာခြားခဲ့ပါသည်။ (ပုံ-၁၂)

ထို့ပြင်ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့်ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းတို့၏ နေ့စဉ်ပြောင်းလဲမှုနှုန်းမှာ အများအားဖြင့် ၀.၅ ရာခိုင်နှုန်းအတွင်း ရှိခဲ့ပါသည်။(ပုံ-၁၃)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအတွင်းမြန်မာကျပ်ငွေတန်ဖိုး၁၇ရာခိုင်နှုန်းကျဆင်းခဲ့သည့်နည်းတူ အခြားနိုင်ငံခြားငွေကြေးများဖြစ်သည့် ယူရို ၅.၉ ရာခိုင်နှုန်း၊ မလေးရှားရင်းဂစ်၇.၅ရာခိုင်နှုန်း၊ပေါင်စတာလင်၇.၄ရာခိုင်နှုန်း၊ထိုင်းဘတ်၄.၀ ရာခိုင်နှုန်း၊ တရုတ်ယွမ် ၉.၈ ရာခိုင်နှုန်း၊ စင်ကာပူဒေါ်လာ ၄.၄ရာခိုင်နှုန်း၊ ကိုရီးယားဝမ် ၅.၁ ရာခိုင်နှုန်း၊ ဂျပန်ယန်း ၆.၇ ရာခိုင်နှုန်းနှင့် အိန္ဒိယရူပီးမှာ ၁၁.၄ ရာခိုင်နှုန်း အသီးသီး တန်ဖိုး ကျဆင်းခဲ့ပါသည်။ (ပုံ-၁၄)




ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလ အတွင်း မြန်မာကျပ်ငွေတန်ဖိုးသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါကထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate–NEER) အရ ၁၀ ရာခိုင်နှုန်း တန်ဖိုးကျဆင်းခဲ့ပြီး၊ ထိရောက်သော အမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate–REER) အရ ၄ ရာခိုင်နှုန်း တန်ဖိုးကျဆင်းခဲ့ပါသည်။

ထိရောက်သော အမည်ခံငွေလဲလှယ်နှုန်းအရ မြန်မာကျပ်ငွေတန်ဖိုးမှာ အထိုက်အလျောက်ကျဆင်းခဲ့သဖြင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမှာ မြင့်မားမှုရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ကုန်သွယ်ဖက်နိုင်ငံများ၏ ငွေကြေးဖောင်းပွမှုနှုန်းထက် မြင့်မားသဖြင့် ထိရောက်သော အမှန်ငွေလဲလှယ်နှုန်းအရ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမှာ အတော်အသင့်ကောင်းမွန်သည်ဟုဆိုနိုင်သော်လည်း၊ ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်းကဲ့သို့များစွာ မြင့်မားမှု မရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၁၅)၊ ဇယား(၆)




ဓာတ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ငွေကြေးပမာဏအခြေအနေ

၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလ (၆)လတာကာလအတွင်း နှစ်အလိုက် စုစုပေါင်းငွေကြေးပမာဏ (M2) တိုးတက်မှုရည်မှန်းချက်အား ၂၃ ရာခိုင်နှုန်း ထားရှိခဲ့ပါသည်။ စုစုပေါင်း ငွေကြေးပမာဏမှာ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၄၅,၉၃၇ ရှိခဲ့ရာမှ ၂၀၁၈ခုနှစ် စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၅၄,၄၈၀ ရှိခဲ့သဖြင့် ယခင်နှစ် စက်တင်ဘာလကထက် ၁၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါ

သည်။ စုစုပေါင်း ငွေကြေးပမာဏမှာ ၂၀၁၈ခုနှစ်၊စက်တင်ဘာလကုန်တွင်ဂျီဒီပီ၏ ၅၈ ရာခိုင်နှုန်းရှိခဲ့ပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် လှည့်လည်သုံးစွဲငွေပမာဏမှာ ကျပ်သန်းထောင်ပေါင်း ၁၁,၅၀၄နှင့် စုဆောင်းမှုအပ်ငွေအပါအဝင် ဘဏ်အပ်နှံငွေစုစုပေါင်းမှာကျပ်သန်းထောင်ပေါင်း ၄၂,၉၇၆ ရှိခဲ့သဖြင့် ယခင်နှစ်ကထက် ၁၅ ရာခိုင်နှုန်းနှင့် ၁၉ ရာခိုင်နှုန်းအသီးသီး တိုးတက်ခဲ့ပါသည်။ ဘဏ်စာရင်းရှင်အပ်ငွေမှာ ကျပ်သန်းထောင်ပေါင်း ၅,၆၈၈ နှင့် စုဆောင်းမှုအပ်ငွေမှာ ကျပ်သန်းထောင်ပေါင်း ၃၇,၂၈၈ အသီးသီး ရှိခဲ့ပါသည်။ (ပုံ-၁၆)

စုစုပေါင်းငွေကြေးပမာဏကို ပြောင်းလဲစေသည့်အချက်များ (Factors Effecting Broad Money) မှာအသားတင် နိုင်ငံခြားရရန်ပိုင်ခွင့်များ၊ အစိုးရကဏ္ဍသို့ချေးငွေများ၊ ပုဂ္ဂလိကကဏ္ဍနှင့်အခြားကဏ္ဍများသို့ ချေးငွေများနှင့် ဘဏ်လုပ်ငန်းကဏ္ဍ၏ အသားတင်ပေးရန်တာဝန်များဖြစ်ပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း အသားတင်နိုင်ငံခြား ရရန်ပိုင်ခွင့်များမှာ ထူးခြားစွာ ပြောင်းလဲမှုမရှိခဲ့သော်လည်း အစိုးရကဏ္ဍသို့ ချေးငွေများမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၁၄,၃၄၆ ရှိခဲ့ရာမှ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၁၈,၅၆၂ ရှိသဖြင့် ယခင်နှစ်စက်တင်ဘာလထက် ၂၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိက ကဏ္ဍသို့ ချေးငွေမှာ

၂၀၁၇ခုနှစ်၊စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၂၀,၅၇၀ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၂၄,၉၁၉ ရှိသဖြင့် ယခင်နှစ်ကထက် ၂၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ (ပုံ-၁၇)၊ ဇယား(၇)

ကဏ္ဍအလိုက်ချေးငွေထုတ်ချေးမှုမှာ ကုန်သွယ်မှု ၃၂ ရာခိုင်နှုန်း၊ လယ်ယာ၊ သား၊ ငါး ၉ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၁၅ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ၁၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ၁၃ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေး ၂ ရာခိုင်နှုန်းနှင့် အထွေထွေ ၁၈ ရာခိုင်နှုန်း ဖြစ်ပါသည်။

၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ၆ လတာကာလအတွင်း ဆောင်ရွက်ခဲ့သော ငွေကြေးမူဝါဒလုပ်ဆောင်ချက်များအား တင်ပြအပ်ပါသည်။

**အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်ထားရှိဆောင်ရွက်မှုအခြေအနေ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်အဖြစ် မြန်မာကျပ်ငွေနှင့် နိုင်ငံခြားငွေ နှစ်မျိုးလုံးအတွက် အများပြည်သူအပ်နှံငွေ စုစုပေါင်း၏ ၅ ရာခိုင်နှုန်းအားမြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ စာရင်းရှင်အပ်နှံငွေတစ်မျိုးတည်းဖြင့်သာထားရှိရန် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ( ဧပြီလမှ စက်တင်ဘာလ) ၆ လတာကာလအတွင်း ထိန်းသိမ်းမှုကာလအလိုက် ဘဏ်များ၏ အနည်းဆုံးသီးသန့်ငွေထားရှိမှုနှင့် ပိုလျှံသီးသန့်ငွေအခြေအနေအား ပုံ(၁၈)၊ ပုံ (၁၉)တို့ဖြင့် ဖော်ပြအပ်ပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အပ်ငွေလေလံဆောင်ရွက်မှုအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏မေခရိစီးပွားရေးအခြေခံအချက်များ အရ ဈေးကွက်မှ ပိုလျှံငွေကြေးများကို ထုတ်နုတ်ရန် လိုအပ်သောကြောင့် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ အပ်ငွေလေလံခေါ်ယူဆောင်ရွက်၍ ငွေကြေးပမာဏ အားထိန်းညှိပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ ၆လတာကာလအတွင်း အပ်ငွေလေလံ (၁၂) ကြိမ်ခေါ်ယူခဲ့ရာ တစ်ကြိမ်လျှင်ပျမ်းမျှ ကျပ် ၃၄၅ ဘီလီယံ (သီးသန့်ငွေကြေးပမာဏ၏ ၂ ရာခိုင်နှုန်းခန့်) နုတ်သိမ်းနိုင်ခဲ့ပါသည်။ လေလံတင်သွင်းသည့် အမြင့်ဆုံး နှင့်အနိမ့်ဆုံး ပျမ်းမျှ အတိုးနှုန်းများမှာ အပ်ငွေလေလံကာလ (၁၄)ရက်အတွက် ၅.၉ ရာခိုင်နှုန်းနှင့် ၃.၀၄ ရာခိုင်နှုန်း၊ (၂၈)ရက်အတွက် ၇.၆၅ ရာခိုင်နှုန်းနှင့် ၆.၀ ရာခိုင်နှုန်းနှင့် (၄၂) ရက်အတွက် ၇.၀ ရာခိုင်နှုန်းနှင့် ၅.၀ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ပုံ (၂၀) ဇယား(၈)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

လေလံအောင်မြင်သည့် အမြင့်ဆုံးနှင့် အနိမ့်ဆုံး ပျမ်းမျှအတိုးနှုန်းများမှာ အပ်ငွေလေလံ (၁၄)ရက်အတွက် ၅.၈၉ ရာခိုင်နှုန်းနှင့် ၃.၀၄ ရာခိုင်နှုန်း၊ (၂၈)ရက်အတွက် ၆.၈၈ ရာခိုင်နှုန်းနှင့် ၅.၀ ရာခိုင်နှုန်းနှင့် (၄၂)ရက်အတွက် ၅.၀ ရာခိုင်နှုန်းနှင့် ၄.၇၈ ရာခိုင်နှုန်းအသီးသီးဖြစ်ပါသည်။ ပုံ (၂၁)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**အစိုးရငွေချေးသက်သေခံများ ထုတ်ဝေရောင်းချမှုအခြေအနေ**

အစိုးရဘတ်ဂျက်လိုငွေအား အများပြည်သူစုဆောင်းမှုဖြင့် ဖြည့်ဆည်းရန်နှင့် ကာလလတ်နှင့်ကာလရှည် ရင်းနှီးမြှုပ်နှံမှုကို အားပေးဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ အစိုးရငွေတိုက်စာချုပ်များထုတ်ဝေရောင်းချခြင်းကို အစိုးရကိုယ်စားမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဆောင်ရွက်လျက်ရှိပါသည်။

အစိုးရငွေတိုက်စာချုပ်များအား Scripless System အသုံးပြု၍ အတိုးနှုန်းသတ်မှတ်ချက် မထားဘဲ ဈေးပြိုင်စနစ်ဖြင့် ထုတ်ဝေရောင်းချမှုကို ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ တွင်စတင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအတွင်း ဈေးပြိုင်စနစ်ဖြင့် သက်တမ်း (၂)နှစ်မှ (၅)နှစ်အတွင်းရှိ အစိုးရငွေတိုက်စာချုပ်ရောင်းချမှု(၆)ကြိမ်ဆောင်ရွက်ခဲ့ရာစုစုပေါင်းငွေတိုက်စာချုပ်တန်ဖိုး ကျပ်သန်းထောင်ပေါင်း ၁,၈၁၈ ကို ရောင်းချခဲ့ပြီး အသားတင်ရောင်းချမှုငွေတိုက်စာချုပ်တန်ဖိုး ကျပ်သန်းထောင်ပေါင်း ၁,၄၉၇ ဖြစ်ပါ သည်။

ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေနိုင်သည့် ဗဟိုဘဏ်မှ အစိုးရဘတ်ဂျက်လိုငွေအား တိုက်ရိုက်ဖြည့်ဆည်းပေးခြင်းကိုလျှော့ချနိုင်စေရန်နှင့်ထိရောက်သော အစိုးရကြွေးမြီစီမံခန့်ခွဲမှု ဖြစ်ပေါ်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် သက်တမ်း(၃)လ၊ (၆)လနှင့် (၁)နှစ်သက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်လျက်ရှိပါ သည်။

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအတွင်း အစိုးရငွေတိုက်လက်မှတ် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှု (၁၁)ကြိမ် ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ကျပ်သန်းထောင်ပေါင်း ၄,၂၀၂ ရောင်းချခဲ့ပြီး၊ ရွေးနှုတ်မှုကျပ်သန်းထောင်ပေါင်း ၃,၉၃၅ ရှိခဲ့သဖြင့် အသားတင်ကျပ်သန်းထောင်ပေါင်း ၂၆၇ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ပါသည်။

အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်အတိုးနှုန်းများအား ဈေးကွက်မှလေလံတင်သွင်းလာသည့် နှုန်းထားအပေါ် အခြေပြု၍သတ်မှတ်ဆောင်ရွက်ပါသည်။ ဇယား(၉)

**ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့ အစည်းများ၏ စုဆောင်းငွေနှင့် ချေးငွေ အခြေအနေ**

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ အတွင်း ငွေရေးကြေးရေးကုမ္ပဏီ(၂၁) ခုမှ ထုတ်ချေးငွေ စုစုပေါင်းမှာ ကျပ်သန်း ထောင်ပေါင်း ၇၀.၁ ရှိပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီး ဌာနမှလုပ်ငန်းလိုင်စင်ခွင့်ပြုခဲ့သည့် အသေး စားငွေရေးကြေးရေးအဖွဲ့အစည်းများအနက် လက်ရှိဆောင်ရွက်လျက်ရှိသည့်အဖွဲ့အစည်း အရည်အတွက်မှာ ၂၀၁၈ ခုနှစ် စက်တင် ဘာလထိ (၁၇၅) ခု ရှိပါသည်။ (ပုံ-၂၁)




ဇစ်မြစ်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ ကုန်ထိ အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများ၏ စုစုပေါင်း စုဆောင်းငွေမှာ ကျပ်သန်းထောင်ပေါင်း ၄၃၂.၄၃ နှင့် စုစုပေါင်း ထုတ်ချေးငွေမှာ ကျပ်သန်းထောင် ပေါင်း ၅၃၄၁.၉ ရှိခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်ရှိအခြေအနေနှင့် နှိုင်းယှဉ် ပါက (၆)လတာကာလအတွင်း စုဆောင်း ငွေနှင့် ထုတ်ချေးငွေတို့မှာ ၂၉ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါသည်။

# နောက်ဆက်တွဲဇယားများ

**ဇယား(၁) ငွေကြေးဖောင်းပွမှုနှုန်းများ (၂၀၁၇ ခုနှစ် မတ်လမှ ၂၀၁၈ခုနှစ် စက်တင်ဘာလထိ)**

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| ခုနှစ် | စားသုံးသူ ဈေးဆနှုန်းကိန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း |
|---|---|---|---|
| ၂၀၁၇ မတ် | ၁၃၁.၉၆ | ၆.၈၁ | ၇.၀၀ |
| ဧပြီ | ၁၃၂.၀၇ | ၆.၄၁ | ၄.၇၄ |
| မေ | ၁၃၂.၄၂ | ၅.၉၆ | ၃.၉၀ |
| ဇွန် | ၁၃၂.၅၈ | ၅.၄၃ | ၂.၉၂ |
| ဇူလိုင် | ၁၃၂.၈၆ | ၄.၉၁ | ၂.၃၀ |
| ဩဂုတ် | ၁၃၃.၂၇ | ၄.၇၀ | ၂.၄၀ |
| စက်တင်ဘာ | ၁၃၄.၄၃ | ၄.၆၆ | ၃.၄၀ |
| အောက်တိုဘာ | ၁၃၅.၇၀ | ၄.၇၀ | ၄.၀၀ |
| နိုဝင်ဘာ | ၁၃၇.၅၀ | ၄.၇၉ | ၄.၄၇ |
| ဒီဇင်ဘာ | ၁၃၈.၂၉ | ၄.၆၁ | ၄.၄၅ |
| ၂၀၁၈ ဇန်နဝါရီ | ၁၃၉.၃၄ | ၄.၄၀ | ၅.၂၃ |
| ဖေဖော်ဝါရီ | ၁၃၉.၅၁ | ၄.၁၆ | ၅.၁၁ |
| မတ် | ၁၃၉.၁၁ | ၄.၀၃ | ၅.၄၂ |
| ဧပြီ | ၁၃၉.၈၂ | ၄.၁၂ | ၅.၈၇ |
| မေ | ၁၄၀.၂၄ | ၄.၂၉ | ၅.၉၀ |
| ဇွန် | ၁၄၁.၁၃ | ၄.၅၈ | ၆.၄၅ |
| ဇူလိုင် | ၁၄၂.၉၁ | ၅.၀၂ | ၇.၅၆ |
| ဩဂုတ် | ၁၄၄.၁၇ | ၅.၅၀ | ၈.၁၈ |
| စက်တင်ဘာ | ၁၄၅.၉၇ | ၅.၉၄ | ၈.၅၉ |

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ဇယား (၂) တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းအရ နှစ်အလိုက်
ငွေကြေးဖောင်းပွမှုနှုန်း(၂၀၁၈ ခုနှစ် မတ်လမှ စက်တင်ဘာလထိ)

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| အကြောင်းအရာ | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ | | |
|---|---|---|---|---|
| | | မတ် | ဇွန် | စက်တင်ဘာ |
| **အုပ်စုအားလုံး** | **၁၀၀** | **၅.၄၂** | **၆.၄၅** | **၈.၅၉** |
| **အစားအစာအုပ်စု** | **၅၈.၅၀** | **၄.၈၃** | **၅.၇၈** | **၈.၅၅** |
| ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၉.၄၅ | ၈.၉၁ | ၇.၁၅ |
| အဝတ်အထည် | ၃.၂၃ | ၁.၇၅ | ၂.၇၇ | ၃.၅၄ |
| အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၇.၇၃ | ၈.၀၂ | ၉.၀၃ |
| အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၃.၂၄ | ၃.၄၇ | ၄.၄၉ |
| ကျန်းမာရေး | ၂.၁၃ | ၅.၃၆ | ၅.၃၄ | ၆.၀၆ |
| သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၅.၆၈ | ၁၁.၄၉ | ၁၅.၆၈ |
| ဆက်သွယ်ရေး | ၁.၆၂ | ၉.၂၅ | ၉.၀၈ | -၀.၆၂ |
| အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၀.၈၈ | ၁.၉၆ | ၂.၆၀ |
| ပညာရေး | ၂.၁၅ | ၀.၃၅ | ၆.၇၄ | ၈.၆၉ |
| ပြင်ပအစားအသောက် | ၅.၉၅ | ၁၀.၅၇ | ၉.၅၄ | ၈.၅၆ |
| အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၃.၁၇ | ၃.၉၂ | ၆.၂၈ |
| **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၆.၄၈** | **၇.၆၅** | **၈.၆၉** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ဇယား (၃) တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းအရ ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် မတ်လမှ စက်တင်ဘာလထိ)

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| စဉ် | ပြည်နယ်/ တိုင်း | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ မတ်လ | ၂၀၁၈ ဇွန်လ | ၂၀၁၈ စက်တင်ဘာ လ |
|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၅.၂၇ | ၄.၅၉ | ၆.၅၇ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၄.၂၁ | ၄.၅၃ | ၄.၃၈ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၃.၇၉ | ၄.၁၀ | ၅.၈၈ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၂.၆၉ | ၂.၅၂ | ၄.၀၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၂.၇၇ | ၃.၄၀ | ၄.၂၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၄.၇၉ | ၄.၈၃ | ၆.၁၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၃.၈၂ | ၃.၈၉ | ၄.၇၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၃.၄၆ | ၅.၀၈ | ၇.၄၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၃.၅၈ | ၃.၇၅ | ၄.၇၃ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၄.၅၀ | ၄.၉၁ | ၇.၃၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၈.၂၄ | ၈.၄၄ | ၁၀.၂၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၆၇ | ၂.၉၇ | ၃.၅၃ | ၄.၇၂ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၄.၇၀ | ၅.၅၂ | ၆.၇၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၄.၈၄ | ၅.၇၀ | ၆.၉၁ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၀.၅၅ | ၁.၃၉ | ၂.၇၇ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၃.၁၂ | ၃.၆၃ | ၄.၈၇ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၇.၂၆ | ၉.၂၁ | ၁၀.၈၂ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၃.၄၉ | ၄.၈၅ | ၆.၂၅ |
| တစ်နိုင်ငံလုံး | | **၁၀၀.၀၀** | **၄.၀၃** | **၄.၅၈** | **၅.၉၄** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား(၄) စုစုပေါင်း ပို့ကုန်နှင့်သွင်းကုန်အခြေအနေပြဇယား(၂၀၁၇-၂၀၁၈နှင့် ၂၀၁၈ဧပြီလမှစက်တင်ဘာလထိ)**

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် | ၂၀၁၈ခုနှစ်ဧပြီလမှ စက်တင်ဘာလထိ |
|---|---|---|---|
| ၁ | **စုစုပေါင်းပို့ကုန်** | **၁၄,၈၃၇** | **၈,၈၂၁** |
| | လယ်ယာ | ၃,၀၉၇ | ၁,၂၉၇ |
| | သားငါး | ၇၅၈ | ၄၇၅ |
| | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၇၂၅ | ၁,၀၄၈ |
| | သစ်တော | ၂၁၁ | ၁၁၀ |
| | ထုတ်လုပ်မှု | ၆,၄၂၀ | ၄,၀၆၂ |
| | အခြား | ၂,၆၂၆ | ၁,၈၂၉ |
| ၂ | **စုစုပေါင်းသွင်းကုန်** | **၁၈,၆၇၄** | **၉,၈၅၉** |
| | ရင်းနှီးကုန်စည် | ၆,၅၆၀ | ၃,၂၅၇ |
| | ကြားခံကုန်စည် | ၆,၈၇၁ | ၄,၀၄၅ |
| | စားသုံးကုန်စည် | ၅,၂၄၄ | ၂,၅၅၇ |
| ၃ | **စုစုပေါင်းကုန်သွယ်မှု ပမာဏ** | **၃၃,၅၁၁** | **၁၈,၆၈၁** |
| ၄ | **ပိုငွေ/လိုငွေ** | **-၃,၈၃၇** | **-၁,၀၃၈** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ဇယား(၅) နိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် ဗဟိုဘဏ်၏နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံတွင် ရောင်းဝယ်မှုအခြေအနေပြဇယား (၂၀၁၇ ခုနှစ်စက်တင်ဘာလမှ ၂၀၁၈ ခုနှစ်စက်တင်ဘာလထိ)

| ကာလ | ရည်ညွှန်း နိုင်ငံခြား ငွေလဲ လှယ်နှုန်း | အဝေး ငွေလဲ လှယ် နှုန်း | ဈေးကွက်နိုင်ငံခြား ငွေလဲလှယ်နှုန်း | | ဗဟိုဘဏ်မှ ဝင်ရောက်ရောင်းဝယ်ပေးမှု အမေရိကန်ဒေါ်လာ |
|---|---|---|---|---|---|
| | | | ဝယ်ဈေး | ရောင်း ဈေး | (-)အသားတင်ရောင်းချမှု (+) အသားတင်ဝယ်ယူမှု |
| ၂၀၁၇ စက်တင်ဘာ | ၁,၃၆၀ | ၁,၃၆၃ | ၁,၃၅၀ | ၁,၃၅၁ | ၂၃,၃၀၉,၆၀၀ |
| အောက်တိုဘာ | ၁,၃၆၆ | ၁,၃၆၉ | ၁,၃၅၄ | ၁,၃၅၅ | ၁,၉၉၉,၄၀၀ |
| နိုဝင်ဘာ | ၁,၃၆၄ | ၁,၃၆၆ | ၁,၃၅၆ | ၁,၃၅၇ | (၃၀၀) |
| ဒီဇင်ဘာ | ၁,၃၆၂ | ၁,၃၆၄ | ၁,၃၅၃ | ၁,၃၅၄ | ၃,၀၉၉,၅၀၀ |
| ၂၀၁၈ ဇန်နဝါရီ | ၁,၃၃၀ | ၁,၃၃၀ | ၁,၃၂၇ | ၁,၃၂၈ | ၈၂,၅၉၉,၃၀၀ |
| ဖေဖော်ဝါရီ | ၁,၃၃၆ | ၁,၃၃၉ | ၁,၃၂၈ | ၁,၃၂၉ | ၁၃,၄၉၉,၂၀၀ |
| မတ် | ၁,၃၃၅ | ၁,၃၃၂ | ၁,၃၂၆ | ၁,၃၂၇ | ၅,၉၉၉,၇၀၀ |
| ဧပြီ | ၁,၃၄၀ | ၁,၃၄၂ | ၁,၃၃၀ | ၁,၃၃၁ | ၂၂,၂၉၉,၁၀၀ |
| မေ | ၁,၃၅၅ | ၁,၃၅၅ | ၁,၃၄၄ | ၁,၃၄၅ | (၉၀၀) |
| ဇွန် | ၁,၄၀၅ | ၁,၄၀၅ | ၁,၃၈၉ | ၁,၃၉၀ | ၃,၉၉၈,၁၀၀ |
| ဇူလိုင် | ၁,၄၂၉ | ၁,၄၅၉ | ၁,၄၄၀ | ၁,၄၄၁ | ၂,၈၇၉,၀၀၀ |
| ဩဂုတ် | ၁,၅၁၂ | ၁,၅၂၅ | ၁,၅၂၀ | ၁,၅၂၂ | (၉,၇၉၁,၀၀၀) |
| စက်တင်ဘာ | ၁,၅၆၀ | ၁,၅၅၈ | ၁,၅၃၅ | ၁,၅၄၀ | (၃,၁၃၀,၀၀၀) |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဇယား(၆) ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်းနှင့်ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၈ခုနှစ် စက်တင်ဘာလထိ)

(၂၀၁၂ ဇူလိုင် = ၁၀၀)

| ကာလ | အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းညွှန်ကိန်း | ထိရောက်သောအမည်ခံ ငွေလဲလှယ်နှုန်း (NEER) ၁/ | ထိရောက်သောအမှန် ငွေလဲလှယ်နှုန်း (REER) ၂/ |
|---|---|---|---|
| ၂၀၁၇ စက်တင်ဘာ | ၁,၃၅၈ | ၇၀.၂၄ | ၈၇.၀၉ |
| အောက်တိုဘာ | ၁,၃၆၃ | ၇၀.၅၆ | ၈၈.၂၅ |
| နိုဝင်ဘာ | ၁,၃၆၆ | ၇၀.၀၆ | ၈၈.၆၂ |
| ဒီဇင်ဘာ | ၁,၃၆၄ | ၆၉.၇၃ | ၈၈.၆၀ |
| ၂၀၁၈ ဇန်နဝါရီ | ၁,၃၄၆ | ၆၉.၂၀ | ၈၈.၃၅ |
| ဖေဖော်ဝါရီ | ၁,၃၃၁ | ၆၉.၁၉ | ၈၇.၉၈ |
| မတ် | ၁,၃၃၆ | ၆၈.၇၅ | ၈၇.၆၀ |
| ဧပြီ | ၁,၃၃၀ | ၆၉.၀၈ | ၈၈.၄၉ |
| မေ | ၁,၃၄၇ | ၆၉.၃၈ | ၈၈.၉၆ |
| ဇွန် | ၁,၃၆၆ | ၆၉.၁၃ | ၈၉.၂၁ |
| ဇူလိုင် | ၁,၄၁၁ | ၆၈.၅၈ | ၈၉.၄၈ |
| ဩဂုတ် | ၁,၄၇၂ | ၆၆.၃၂ | ၈၆.၈၉ |
| စက်တင်ဘာ | ၁,၅၅၂ | ၆၃.၀၅ | ၈၃.၃၄ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

---

၁/ ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate-NEER) ဆိုသည်မှာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်(၁၁)နိုင်ငံပါရှိသည့် အုပ်စုမှနိုင်ငံတစ်ခုချင်း၏ ငွေကြေးနှင့်မြန်မာကျပ်ငွေ၏ နှစ်နိုင်ငံငွေလဲလှယ်နှုန်းများကို ဂျော်မက်ထရစ်ပျမ်းမျှအလေးပေး (Geometric Weighted Average) တွက်ချက်ခြင်းဖြစ်ပါသည်။ တွက်ချက်မှု ဖော်မြူလာမှာ -

$$NEER_t = \prod_{i=1}^{N} \left(E_{i,t}\right)^{W_i}$$

၂/ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate-REER) ဆိုသည်မှာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက် (၁၁) နိုင်ငံပါရှိသည့် အုပ်စုမှနိုင်ငံတစ်ခုချင်း၏ ငွေကြေးနှင့် မြန်မာကျပ်ငွေ၏ နှစ်နိုင်ငံငွေလဲလှယ်နှုန်းများကို နှစ်နိုင်ငံ၏ စားသုံးသူဈေးဆနှုန်းအရ ညှိနှိုင်းပြီးရရှိသည့် အမှန်ငွေလဲလှယ်နှုန်းများအား ဂျော်မက်ထရစ်ပျမ်းမျှ အလေးပေး (Geometric Weighted Average) တွက်ချက်ခြင်းဖြစ်ပါသည်။ တွက်ချက်မှုဖော်မြူလာမှာ -

$$REER_t = \prod_{i=1}^{N} \left(E_i \frac{P}{P_i^*}\right)^{W_i}$$

## ဇယား(၇) စုစုပေါင်းငွေကြေးပမာဏနှင့်ယင်းအပေါ်အကျိုးသက်ရောက်စေသည့်အချက်များ (၂၀၁၈ ခုနှစ် မတ်လမှစက်တင်ဘာလထိ)

(ကျပ်သန်းထောင်ပေါင်း)

| အကြောင်းအရာ | ၂၀၁၈ | | |
|---|---|---|---|
| | မတ် | ဇွန် | စက်တင်ဘာ |
| ဘဏ်များ ပြင်ပရှိငွေ | ၁၁,၆၀၄ | ၁၀,၄၉၁ | ၁၁,၅၀၅ |
| ဘဏ်စာရင်းရှင်အပ်ငွေ | ၅,၂၈၇ | ၅,၅၀၄ | ၅,၆၈၈ |
| ဘဏ်စုဆောင်းငွေ | ၃၃,၈၈၁ | ၃၄,၈၉၈ | ၃၇,၂၈၈ |
| ငွေကြေးပမာဏ(M1) | ၁၆,၈၉၁ | ၁၅,၉၉၅ | ၁၇,၁၉၂ |
| စုစုပေါင်းငွေကြေးပမာဏ(M2) | ၅၀,၇၇၂ | ၅၀,၈၉၃ | ၅၄,၄၈၀ |
| အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ | ၉,၁၀၆ | ၉,၄၄၉ | ၁၀,၈၄၁ |
| ပြည်တွင်းချေးငွေ | ၄၁,၁၂၂ | ၄၁,၉၁၉ | ၄၄,၀၈၁ |
| အစိုးရကဏ္ဍသို့ချေးငွေ | ၁၈,၂၅၂ | ၁၇,၆၁၂ | ၁၈,၅၆၂ |
| ပုဂ္ဂလိကကဏ္ဍနှင့် အခြားကဏ္ဍများသို့ချေးငွေ | ၂၃,၀၇၀ | ၂၄,၁၂၆ | ၂၅,၅၁၉ |
| - ပုဂ္ဂလိက ကဏ္ဍသို့ချေးငွေ | ၂၂,၅၂၃ | ၂၃,၃၃၄ | ၂၄,၉၁၉ |
| ဘဏ်လုပ်ငန်းကဏ္ဍ၏ အသားတင်ပေးရန်တာဝန်များ | ၁၄၃ | -၄၉၅ | -၄၄၁ |

ဇာစ်မြစ်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဇယား(၈) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား (၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလထိ)

( ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူ ပမာဏ | အဆိုပြု ပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှ အတိုးနှုန်း |
| ၁ | ၁/၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၂၀၀ | ၁၇၇ | ၁၇၄ | ၅.၆၀-၆.၀၀ | ၅.၈၉ |
| | | ၂၈ | | ၇ | ၅ | ၆.၈၀-၇.၀၀ | ၆.၈၈ |
| | | ၄၂ | | - | - | - | - |
| ၂ | ၂/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၁၅၀ | ၄၄၁.၅ | ၁၅၀ | ၅.၇၀-၅.၉၀ | ၅.၈၆ |
| | | ၂၈ | | ၂၆ | - | - | - |
| | | ၄၂ | | - | - | - | - |
| ၃ | ၃/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၂၅၀ | ၆၁၀ | ၂၅၀ | ၅.၄၃-၅.၇၁ | ၅.၅၈ |
| | | ၂၈ | | ၁၄၈ | - | - | - |
| | | ၄၂ | | ၂၀ | - | - | - |
| ၄ | ၄/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၃၅၀ | ၇၃၅ | ၃၅၀ | ၄.၀၀-၅.၄၁ | ၄.၈၄ |
| | | ၂၈ | | ၁၅၂ | - | - | - |
| | | ၄၂ | | ၁ | - | - | - |
| ၅ | ၅/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၄၀၀ | ၅၄၀ | ၄၀၀ | ၄.၀၀-၅.၅၀ | ၄.၈၆ |
| | | ၂၈ | | ၂၀၂ | - | - | - |
| | | ၄၂ | | ၁ | - | - | - |
| ၆ | ၆/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၄၈၁ | ၆၅၁.၅ | ၄၈၁ | ၄.၀၀-၅.၇၀ | ၄.၇၆ |
| | | ၂၈ | | ၂၀၅ | - | - | - |
| | | ၄၂ | | ၁ | - | - | - |
| ၇ | ၇/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၄၅၀ | ၅၁၂ | ၄၅၀ | ၄.၃၀-၅.၈၀ | ၅.၁၇ |
| | | ၂၈ | | ၂၀၅ | - | - | - |
| | | ၄၂ | | - | - | - | - |
| ၈ | ၈/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၃၀၀ | ၆၁၇ | ၃၀၀ | ၄.၀၀-၅.၃၀ | ၄.၅၆ |
| | | ၂၈ | | ၁၂ | - | - | - |
| | | ၄၂ | | - | - | - | - |

**ဇယား(၈) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား (၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလထိ) အဆက်**

( ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူ ပမာဏ | အဆိုပြု ပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှ အတိုးနှုန်း |
| ၉ | ၉/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၃၀၀ | ၆၅၄ | ၃၀၀ | ၃.၀၀-၄.၀၀ | ၃.၄၆ |
| | | ၂၈ | | - | - | - | - |
| | | ၆၂ | | - | - | - | - |
| ၁၀ | ၁၀/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၄၀၀ | ၇၄၄.၇ | ၃၉၈ | ၂.၇၅-၃.၂ | ၂.၉၈ |
| | | ၂၈ | | - | - | - | - |
| | | ၆၂ | | ၂ | ၂ | - | ၅ |
| ၁၁ | ၁၁/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၅၀၀ | ၆၂၄ | ၄၈၂ | ၂.၅၀-၄.၂၅ | ၂.၉၄ |
| | | ၂၈ | | ၂၁၅ | - | - | - |
| | | ၆၂ | | ၂၃ | ၁၈ | ၄.၅၀-၅.၀ | ၄.၆၆ |
| ၁၂ | ၁၂/ ၂၀၁၈(ဧပြီ-စက်တင်ဘာ) | ၁၄ | ၄၀၀ | ၃၆၅.၂ | ၃၆၅ | ၂.၅၁-၄.၅ | ၃.၁၇ |
| | | ၂၈ | | ၂ | ၂ | ၅.၀၀-၅.၀၀ | ၅ |
| | | ၆၂ | | ၁၀ | ၁၀ | ၄.၅၀-၅.၈၀ | ၄.၉၉ |

ဖာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား (၉)　　အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား**
**(၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလထိ)**

(ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | ရောင်းချမှု | | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| | | | | တန်ဖိုးရင်း | ပေးချေမှု | |
| ၁။ | TB0074 | ၉၈ | ၇၀၀ | ၄၃၇ | ၄၂၈.၆၁၃ | ၇.၂၈၈ |
| | | ၁၇၅ | | ၂၄၄ | ၂၃၅.၀၆၉ | ၇.၆၂၄၂ |
| | | ၃၆၄ | | ၁၉ | ၁၇.၄၈၆ | ၈.၆၈၄ |
| ၂။ | TB0075 | ၉၁ | ၄၀၀ | ၄၀၀ | ၃၉၃.၁၁၅ | ၇.၀၂၅ |
| | | ၁၉၆ | | - | - | - |
| | | ၃၅၇ | | - | - | - |
| ၃။ | TB0076 | ၉၁ | ၄၀၀ | ၃၄၄ | ၃၃၈.၄၅၆ | ၆.၅၇၀ |
| | | ၁၈၂ | | ၅၄.၅ | ၅၂.၅၅၆ | ၇.၄၁၉ |
| | | ၃၆၄ | | ၁.၅ | ၁.၃၈၇ | ၈.၁၆၆ |
| ၄။ | TB0077 | ၁၀၅ | ၃၀၀ | ၂၅၀ | ၂၄၆.၀၃၆ | ၅.၆ |
| | | ၁၈၂ | | ၁၀ | ၉.၆၇၂ | ၆.၈ |
| | | ၃၆၄ | | ၄၀ | ၃၇.၀၄၅ | ၈.၀ |
| ၅။ | TB0078 | ၉၁ | ၄၀၀ | ၂၁၅ | ၂၁၂.၂၂၂ | ၅.၂၅ |
| | | ၁၈၂ | | ၁၁၃ | ၁၀၉.၄၅၃ | ၆.၅ |
| | | ၃၆၄ | | ၇၂ | ၆၆.၉၈၄ | ၇.၅၀၈ |
| ၆။ | TB0079 | ၉၈ | ၃၀၀ | ၁၅၈.၃ | ၁၅၆.၁၆၆ | ၅.၀၉ |
| | | ၁၈၉ | | ၅၅ | ၅၃.၂၄၈ | ၆.၃၅၄ |
| | | ၃၅၇ | | ၈၆.၇ | ၈၀.၉၂၉ | ၇.၂၉၁ |

**ဇယား (၉) အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား (၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလထိ) အဆက်**

(ကျပ်သန်းထောင်ပေါင်း )

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | ရောင်းချမှု | | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| | | | | တန်ဖိုးရင်း | ပေးချေမှု | |
| ၇။ | TB0080 | ၉၁ | ၃၀၀ | ၁၇၄.၅ | ၁၇၂.၃၃၀ | ၅.၀၅ |
| | | ၁၈၂ | | ၄၄ | ၄၂.၆၉၇ | ၆.၁၁၉ |
| | | ၃၆၄ | | ၈၁.၅ | ၇၆.၂၇၄ | ၆.၈၇ |
| ၈။ | TB0081 | ၁၀၅ | ၄၀၀ | ၂၀၀ | ၁၉၇.၇၂၈ | ၃.၉၉၅ |
| | | ၁၈၂ | | ၁၆၉ | ၁၆၄.၁၀၄ | ၅.၉၈၃ |
| | | ၃၅၇ | | ၃၁ | ၂၉.၀၂၆ | ၆.၉၅၃ |
| ၉။ | TB0082 | ၉၁ | ၄၀၀ | ၂၂၃ | ၂၂၁.၂၉၀ | ၃.၁ |
| | | ၁၈၂ | | ၁၂၃ | ၁၂၀.၀၀၈ | ၅.၀ |
| | | ၃၆၄ | | ၅၄ | ၅၀.၅၂၇ | ၆.၈၉၃ |
| ၁၀။ | TB0083 | ၉၁ | ၆၀၀ | ၂၀၀ | ၁၉၈.၄၆၆ | ၃.၁ |
| | | ၁၈၂ | | ၁၀၅ | ၁၀၂.၄၂၁ | ၅.၀၅ |
| | | ၃၆၄ | | ၁၀၈ | ၁၀၁.၀၅၆ | ၆.၈၉ |
| ၁၁။ | TB0084 | ၉၁ | ၃၀၀ | ၁၁၇.၅ | ၁၁၅.၉၉၂ | ၅.၂၁၄ |
| | | ၁၈၉ | | ၈၉ | ၈၅.၇၁၈ | ၇.၃၉၄ |
| | | ၃၆၄ | | ၉၃.၅ | ၈၆.၂၈၉ | ၈.၃၇၉ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်